# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ
# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ
## [၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၆။]
## ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
## ( ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

[ ပြင်ဆင် : 11.10.1983, 04.09.1989, 01.03.2017 ]

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်-

နိဒါန်း

<ပြင်ဆင် 04.09.1989>

### အခန်း ၁
### အမည်၊ အာဏာတည်သည့် နေ့ရက်နှင့်အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ။ (က) ဤဥပဒေကို၊ **၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာသတ်မှတ်ပေးသော စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်အားလုံးနှင့် အကျုံးဝင်စေရမည်။

(ဂ) ပယ်ဖျက်

<ပြင်ဆင် 01.03.2017>

၂။ ။ ဤဥပဒေ ပါစကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်-

(က) **စာမေးပွဲ** ဆိုသည်မှာ အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးသည့်အခါ ဤဥပဒေအရ စာစစ် အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော်လည်းကောင်း ဆိုသည်။

(ခ) **စာစစ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် စာစစ်အဖွဲ့ကို ဆိုသည်။

(ဂ) "ဒေသဆိုင်ရာစာစစ်အဖွဲ့"ဆိုသည်မှာ၊ စာမေးပွဲများ ကျင်းပစစ်ဆေးရာတွင်၊ စာစစ်အဖွဲ့က လိုအပ်သလိုတာဝန်ခွဲ၍ ဆောင်ရွက်စေသည့် ပုဒ်မ ၄ (ခ) အရ ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဃ) **သင်ရိုးမာတိကာ** ဆိုသည်မှာ စာစစ်အဖွဲ့ကကျင်းပစစ်ဆေးမည့် စာမေးပွဲများအတွက် ပြည် ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ ရေးဆွဲပြဋ္ဌာန်းထားသော ဘာသာရပ်များ၏ သင်ခန်းစာအသေးစိတ် အစီအစဉ်ကို ဆိုသည်။

(င) **"မသမာသောနည်း"** ဆိုသည်မှာ၊ စာမေးပွဲဖြေဆိုသူ တဦးဦးသည်-

Myanmar Law Information System (MLIS)

(၁) စာအုပ်၊ မှတ်စုနှင့် ပုံနှိပ်ပြီး၊ သို့မဟုတ် ရေးပြီး၊ သို့မဟုတ် အလွတ်စာရွက်၊ သို့မဟုတ် အခြား ပစ္စည်းတခုခုတွင်စာများရေးသား၍ မိမိနှင့် အတူထားရှိခြင်း၊ သို့မဟုတ် ကိုယ်လက်အင်္ဂါပေါ်တွင် စာများ ရေးသားထားခြင်း။

(၂) အဆိုပါ ဝတ္ထုပစ္စည်းများကို မိမိလက်လှမ်းမှီရာ တွင်ထားရှိခြင်း၊ သို့မဟုတ် လက်လှမ်းမှီအောင် စီစဉ်ထားရှိခြင်း။

(၃) အဆိုပါ ဝတ္ထုပစ္စည်းများမှကူးယူ ခြင်း။

(၄) စာမေးပွဲ ဖြေဆိုသော အခြားသူတဦးဦးနှင့်သော်လည်းကောင်း၊ စာမေးပွဲ ဖြေဆိုသူမဟုတ်သောပြင် ပမှပုဂ္ဂိုလ်တဦးဦးနှင့် သော်လည်းကောင်း တနည်းနည်းဖြင့်ဆက်သွယ်ခြင်း။

(၅) ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခုခု၏ အထောက်အကူကိုရယူ၍ ဖြေဆိုခြင်း၊

(၆) လူအစားထိုး၍ ဖြေဆိုခြင်း၊

(၇) မိမိ၏အဖြေလွှာကို သက်ဆိုင်ရာ တာဝန်ရှိသူသို့မပေးအပ်ဘဲ စားမေးပွဲခန်းပြင်ပသို့ ယူသွားခြင်း၊

(၈) အဖြေလွှာကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း ပြင်ပအကူအညီဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း သို့မဟုတ် စာမေးပွဲဖြေဆိုပြီးနောက် တစ်နည်းနည်းဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း၊

(၉) အဖြေလွှာကိုဆုတ်ဖြဲခြင်း၊ စစ်ဆေး၍မရအောင်ပြုလုပ်ခြင်း၊ အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ ညစ်ညမ်းပုံ ရေးဆွဲထားခြင်းနှင့် အမှတ်အသားများ တမင်ပြုထားခြင်း၊

(၁၀) စာမေးပွဲခန်းစောင့်ကြပ်သူတစ်ဦးဦး၏ မတရားသောနည်းဖြင့် ပြပေးခြင်း၊ ပြောပေးခြင်း၊ အကူ အညီပေးခြင်းကို ရယူဖြေဆိုခြင်း၊

(၁၁) မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ ရယူခြင်း၊

(၁၂) စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကို ဆိုသည်။ <ပြင်ဆင် 01.03.2017>

## အခန်း၂

## စာမေးပွဲ စစ်ဆေးခြင်းဆိုင်ရာ ကြီးကြပ်မှု

၃။ ။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ရန်အတွက် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်-

| | | |
|---|---|---|
| (၁) | ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |



Myanmar Law Information System (MLIS)

| | | |
|---|---|---|
| (၃) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ / အကဲဖြတ်) အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | အစိုးရခန့်ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) စာစစ်အဖွဲ့တွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတစ်ပါး၊ အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ရမည်။

<ပြင်ဆင် 11.10.1983, 04.09.1989, 01.03.2017>

၄။ ။ စာစစ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများ၊ ဤဥပဒေအရ ပြဋ္ဌာန်း ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) စာမေးပွဲလုပ်ငန်းအတွက် မေးခွန်းပြုစုခြင်း၊ အမှတ်ပေးစည်းမျဉ်းရေးဆွဲခြင်း၊ အဖြေလွှာစစ်ဆေး ခြင်း၊ အမှတ်စာရင်းပြုစုခြင်းနှင့် အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာ ဘာသာရပ် ပညာရှင် များပါဝင်သော အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ရမည်။

(ဂ) စာမေးပွဲများကျင်းပစစ်ဆေးခြင်းတာဝန်ကို ဆောင်ရွက်ရာ၌ ဒေသဆိုင်ရာ စာစစ်အဖွဲ့များဖွဲ့စည်း၍ ဖြစ်စေ၊ အခြားသင့်တော်သောအဖွဲ့များကိုဖွဲ့စည်း၍ ဖြစ်စေလိုအပ်သလို တာဝန်ခွဲ၍ ဆောင်ရွက်စေနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ၊ စာမေးပွဲများ ကျင်းပစစ်ဆေးခြင်း ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာ၌ ဒေသ ဆိုင်ရာပညာရေး ဝန်ထမ်းများနှင့်အခြား သင့်တော်သောပုဂ္ဂိုလ်များကို အချိန်အခါမရွေး တာဝန်ပေးနိုင် သည်။

(င) ပြည်ထောင်စုအစိုးရ၏ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ စာမေးပွဲအသီးသီးအတွက် စာမေးပွဲ ဖြေဆိုခွင့်၊ စာမေးပွဲကျင်းပရန်၊ စာမေးပွဲဖြေဆိုသူများလိုက်နာရန်၊ စာမေးပွဲကြီးကြပ်သူများလိုက်နာရန်၊ အောင်ရှုံးဆုံးဖြတ်နိုင်ရန် စသည်တို့နှင့်သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုအပ်သလိုရေးဆွဲ ၍ ပြဋ္ဌာန်းရမည်။

(စ) စာမေးပွဲအသီးသီးအတွက် သက်ဆိုင်ရာအဖွဲ့များ နှင့် ညှိနှိုင်းပြီး သင်ရိုးမာတိကာနှင့် ကျောင်းသုံး စာအုပ်များကို ပြဋ္ဌာန်းပေးရမည်။

(ဆ) စာမေးပွဲအသီးသီးအတွက်-

Myanmar Law Information System (MLIS)

(၁) စာမေးပွဲဝင်ကြေး၊ မေးခွန်းထုတ်ခ၊ အဖြေလွှာ စစ်ဆေးခ၊ စာမေးပွဲကြီးကြပ်ခများနှင့် စာမေးပွဲဆိုင်ရာချီးမြှင့်ငွေများကို သတ်မှတ်ပေးရမည်။

(၂) အောင်စာရင်းပြုလုပ်ခြင်း၊ ထုတ်ပြန်ခြင်း၊ အောင်လက်မှတ်ပုံစံ သတ်မှတ်ခြင်း၊ အောင်လက်မှတ် ထုတ်ပေးခြင်း တို့ကိုဆောင်ရွက်ရမည်။

(၃) ရငွေသုံးငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဧ) စာမေးပွဲတခုခုတွင်-

(၁) မသမာသောနည်းဖြင့် ဖြေဆိုသူကို စာမေးပွဲဖြေဆိုခွင့်အား နှစ်ကာလအပိုင်းအခြားသတ်မှတ်၍ ရပ်ဆိုင်းနိုင်သည်။

(၂) မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် အားပေးကူညီသည့် စာမေးပွဲ ကြီးကြပ်သူ သို့မဟုတ် စာမေးပွဲခန်းစောင့်ကြပ်သူအားအရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်း ကြားရမည်။

(၃) အဖြေလွှာများစစ်ဆေးရာတွင် မသမာသောသဘောဖြင့် အမှတ်များပိုမိုပေးခြင်း သို့မဟုတ် လျော့နည်းပေးခြင်း၊ အဖြေလွှာများတွင် ထပ်မံဖြည့်စွက်ဖြေဆိုပေးခြင်း စသော မတရားမှုများပြုသည့် သို့မဟုတ် ထိုသို့ပြုသည်ကိုအားပေးကူညီသည့် သို့မဟုတ် ထိုသို့ပြုသည်ကို တွေ့ရှိသော်လည်း လျစ်လျူရှု သည့် အဖြေလွှာစစ်ဆေးရန် ကြီးကြပ်သူ သို့မဟုတ် စစ်ဆေးသူအားအရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။

(၄) စာမေးပွဲလုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းများ၏ တာဝန်ပေါ့ လျော့မှု သို့မဟုတ် မမှန်မကန်လုပ်ဆောင်မှုများ တွေ့ရှိရပါက အရေးယူရမည်။

<ပြင်ဆင် 01.03.2017>

## အခန်း၃

## အထွေထွေ

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပညာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပညာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 01.03.2017>

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီးမြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

**----- Footnote -----**

Note; ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (အမှတ် ၃/၂၀၁၇) ပုဒ်မ ၅၊ ပုဒ်မခွဲ (င)ပါ ပုဒ်မခွဲ (ဃ) သည် မူရင်းဥပဒေပါ ပုဒ်မခွဲ (ဃ) ဖြစ်သည်ဟု ဆိုလို၍ ပြင်ဆင်ချက်ကို ဖြည့်သွင်းသည်။

Myanmar Law Information System (MLIS)